**ကုန်တင်သွင်း/တင်ပို့သူများနှင့် အကောက်ခွန်ဝန်ဆောင်မှုကိုယ်စားလှယ်များ သိရှိနိုင်ပါရန်**
**အကောက်ခွန်ဦးစီးဌာန၊ အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဌာနစု၏**
**အသိပေးကြေညာချက် ထုတ်ပြန်ခြင်း**
**(၂/၂၀၂၆)**

၁။ အာဆီယံနိုင်ငံများအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုခြင်းအစီအစဉ် စီမံဆောင်ရွက်ချက် (ASEAN Authorised Economic Operator (AEO) Mutual Recognition Arrangement Text – AAMRA Text) ကို ၁၉-၉-၂၀၂၃ ရက်နေ့တွင် အာဆီယံ (၁၀) နိုင်ငံ၏ အကောက်ခွန်အဖွဲ့အစည်းများက လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အာဆီယံနိုင်ငံများအတွင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုခြင်းအစီအစဉ်အား ဗီယက်နမ်နိုင်ငံမှလွဲ၍ ကျန် (၉) နိုင်ငံ က ၂၀-၂-၂၀၂၆ ရက်နေ့တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အာဆီယံနိုင်ငံများအတွင်း AAMRA အပြည့်အဝအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံ၏ AEO အသိအမှတ်ပြု ကုမ္ပဏီများက အာဆီယံနိုင်ငံများသို့ ကုန်ပစ္စည်း တင်ပို့ရာ၌ တဖက်နိုင်ငံရှိ အကောက်ခွန်လုပ်ငန်းစဉ်များတွင် လွယ်ကူမြန်ဆန်ချောမွေ့စေမည် ဖြစ်သကဲ့သို့ အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ AEO ကုမ္ပဏီများက မြန်မာနိုင်ငံသို့ ကုန်ပစ္စည်း တင်ပို့လာပါကလည်း မြန်မာနိုင်ငံ၏ အကောက်ခွန်လုပ်ငန်းစဉ်များတွင် လွယ်ကူမြန်ဆန် ချောမွေ့စေမည့် အခွင့်အရေး ရရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ AEO ကုမ္ပဏီများသည် အာဆီယံနိုင်ငံများနှင့် တင်သွင်း/တင်ပို့ခြင်း ဆောင်ရွက်ပါက မိမိတို့၏ AEO Code အား တစ်ဖက်နိုင်ငံရှိ စနစ်တွင် ထည့်သွင်းကြေညာနိုင်ရေး တစ်ဖက်ကုန်သွယ်မိတ်ဖက်ထံ အသိပေးအကြောင်းကြားရမည်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံ၏ ကုန်တင်သွင်းသူများကလည်း အာဆီယံ AEO ကုမ္ပဏီများထံမှ တင်သွင်းခြင်းဖြစ်ပါက ၎င်းတို့၏ AEO Code အား တောင်းယူ၍ MACCS စနစ်တွင် ထည့်သွင်းကြေညာနိုင်ရန် AEO ဌာနစုသို့ လာရောက်လျှောက်ထားရမည်ဖြစ်ပါသည်။

၃။ အထက်အပိုဒ် (၂) ပါ AAMRA အကျိုးခံစားခွင့်များ ရရှိနိုင်ရန်အလို့ငှာ ကုန်တင်သွင်း/ တင်ပို့သူများနှင့် အကောက်ခွန်ဝန်ဆောင်မှုကိုယ်စားလှယ်များ သိရှိလိုက်နာဆောင်ရွက်ရမည့်

အချက်များကို AEO ဌာနစု၏ အသိပေးကြေညာချက် (၁/၂၀၂၆) ဖြင့် အကောက်ခွန်ဦးစီးဌာန website များတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၄။ ယခုအခါ ဗီယက်နမ်နိုင်ငံက ၃၀-၆-၂၀၂၆ ရက်နေ့တွင် စတင်ပါဝင်မည်ဖြစ်ပါသဖြင့် အာဆီယံ (၁၀) နိုင်ငံလုံးမှ အာဆီယံနိုင်ငံများအချင်းချင်း အခွင့်ရစီးပွားရေးလုပ်ငန်းဆောင်ရွက်သူဆိုင်ရာ အပြန်အလှန် အသိအမှတ်ပြုခြင်းအစီအစဉ်ကို ၃၀-၆-၂၀၂၆ ရက်နေ့မှ စတင်၍ အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်ပါကြောင်းနှင့် MRA အကျိုးခံစားခွင့်များ အပြည့်အဝရရှိစေရန်အတွက် အာဆီယံ AEO ကုမ္ပဏီများထံမှ တင်သွင်းသည့် ကုန်တင်သွင်းသူများအနေဖြင့်လည်း MACCS စနစ်တွင် တဖက်ကုမ္ပဏီ၏ AEO Code ကို ထည့်သွင်းကြေညာနိုင်ရေး AEO ဌာနစုသို့ လာရောက်လျှောက်ထားကြပါရန် အသိပေးကြေညာအပ်ပါသည်။

၅။ အသေးစိတ် သိရှိလိုပါက ရုံးဖွင့်ရက်များအတွင်း ရုံးချိန်အတိုင်း AEO ဌာနစု၏ ဖုန်း (၀၉-၆၉၆၉၀၀၃၂၃) သို့လည်းကောင်း၊ အီးမေးလ် myanmaraeo@gmail.com သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ပူးတွဲ - (၁) AEO ဌာနစု၏ အသိပေးကြေညာချက် (၁/၂၀၂၆)

(၂) အာဆီယံ (၁၀) နိုင်ငံ၏ သွင်းကုန်/ထုတ်ကုန်ကြေညာလွှာတင်သွင်းခြင်းဆိုင်ရာ လမ်းညွှန်ချက်